# AW Foundation မှ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကူးစက်ရောဂါ အထူးပြုကုသရေး နိုင်ငံတကာအဆင့်မီ ဝေဘာဂီဆေးရုံ ကုသဆောင်သစ် ဆောက်လုပ် ပေးအပ်လှူဒါန်း

- **ဝေဘာဂီဆေးရုံသည် ကပ်ရောဂါနှင့် အခြားသောကူးစက်ရောဂါများကို ကာလရှည်အသုံးပြု ကုသပေးနိုင်မည့် အရင်းအမြစ် တစ်ခုဖြစ်လာမည်။**

**ရန်ကုန်၊ မြန်မာ၊ (၂၀၂၂) ခုနှစ်၊ နိုဝင်ဘာလ (၄) ရက်၊ သောကြာနေ့-** AW ဖောင်ဒေးရှင်းသည် ကူးစက်မြန် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် အခြား ကူးစက်ရောဂါများကုသရာတွင် စနစ်ကျသော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဖြင့် အကျိုးပြုနိုင်စေရန် ကူးစက်ရောဂါ အထူးပြုကုသရေး နိုင်ငံတကာအဆင့်မီ ဝေဘာဂီဆေးရုံ ကုသဆောင်သစ်အား မြန်မာနိုင်ငံ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန (ကူးစက်ရောဂါ တိုက်ဖျက်ရေး ဗဟိုကော်မတီ)**ထံသို့ (၂၀၂၂) ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့တွင် လွှဲပြောင်း လှူဒါန်းပေးအပ်ခဲ့ပါသည်။




*ဓာတ်ပုံ - ကုတင် (၁၁၀) ဆံ့ ကူးစက်ရောဂါ အထူးပြုကုသရေး နိုင်ငံတကာအဆင့်မီ ဝေဘာဂီဆေးရုံ ကုသဆောင်သစ်*

**အသေးစိတ်ပုံများကို [www.aw-foundation.org](http://www.aw-foundation.org) တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

ကာလတန်ဖိုး ကျပ်ငွေ (၆) ဘီလီယံနှင့် ကန်ဒေါ်လာ ၃.၁ မီလီယံတန်ဖိုးရှိ ကုတင် (၁၁၀) ဆံ့ ကူးစက်ရောဂါကု (၃) ထပ် ကုသဆောင် ဆေးရုံသစ်ကို AW ဖောင်ဒေးရှင်းမှ ကမ္ဗည်းကွန်းတင်အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး မှ လက်ခံရယူခဲ့ပါသည်။

**AW Foundation** အဖွဲ့သည် မိမိတို့လုပ်ဖော်ကိုင်ဖက်များ နှင့်တကွ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အတူတကွ ဆိုးရွားစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ကိုဗစ်၁၉ ကပ်ရောဂါ အတွေ့အကြုံများပေါ် အခြေပြုပြီး နိုင်ငံတကာအဆင့်မီ ဝေဘာဂီကူးစက်ရောဂါ အထူးပြုကုသရေး အဆောင်သစ်ကို လှူဒါန်းမှုအား အကောင်အထည်ဖော်နိုင်ရန် ၂၀၂၀ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ သက်ဆိုင်ရာသို့ ဆွေးနွေးတင်ပြ အကြံပြုခဲ့ကြပါသည်။ ကွာရန်တင်းစင်တာများ၊ ကုသမှုပေးရန်ကုတင်များ နှင့် အောက်ဆီဂျင်ထောက်ပံ့မှုများ လုံလောက်စွာမရရှိခဲ့ခြင်း၊ ဆေးရုံများရှိ ကိုဗစ်၁၉ လူနာများအား ကုသပေးနေသော ရှေ့တန်းမှ ကျန်းမာရေး ဝန်ထမ်းများလည်း လုံလောက်မှုမရှိခြင်း စသည့် အတွေ့အကြုံများကို ကပ်ရောဂါကာလများမှာ ပြည်သူအများ မျက်ဝါးထင်ထင် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပြီးဖြစ်ပါသည်။

ဝေဘာဂီဆေးရုံဝင်းအတွင်း (၂)ကေခန့် အကျယ်အဝန်းရှိလစ်လပ်မြေနေရာပေါ်တွင် တည်ဆောက်မှုအကျယ်အဝန်း (Built-up Area) စုစုပေါင်း **စတုရန်းပေ (၅၁၀၅၅)**၊ စတုရန်းမီတာအားဖြင့် **(၄,၇၄၅)** ရှိသော ကူးစက်ရောဂါကု ဆေးရုံတိုးချဲ့ဆောင်သစ်အတွင်း ရောဂါပိုးပြန့်နှံ့မှုကို ထိရောက်စွာကာကွယ်စေနိုင်သော လေဖိအားထိန်းချုပ်စနစ်၊ အရေးပေါ်နှင့် အထူးကြပ်မတ် ကုသမှုများ ပေးနိုင်သော လူနာခန်းများ **Intensive Care Units (ICU), High Dependency Units (HDU)** ၊ သီးခြားကုသမှုအဆင့်များ လိုအပ်ပါက အသုံးပြုနိုင်မည့် နိုင်ငံတကာအဆင့်မီ သီးသန့်ကုသခန်းများ၊ အောက်ဆီဂျင်ပိုက်လိုင်းများ၊ သောက်သုံးရေသန့်စနစ်နဲ့ အတူ အသုံးပြုပြီး စွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲ ထိန်းချုပ်ရေးစနစ် ရေဆိုးသန့်စင်စနစ်များ အစရှိသည့် ခေတ်မီကုသမှု အထောက်အကူပြု ပစ္စည်းများကို အဆင့်မြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အင်္ဂါရပ်များအဖြစ် ထည့်သွင်း ဖွဲ့စည်းထားပါသည်။

AW ဖောင်ဒေးရှင်းအနေဖြင့် ယနေ့လွှဲပြောင်းလှူဒါန်းပေးအပ်သော ကုသရေးစင်တာအသစ်သည် ကိုဗစ်၁၉ နှင့် အနာဂတ်ကာလတွင် ကျရောက်လာနိုင်သည့် ကပ်ရောဂါများကို ကုသရန်အတွက် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို ကောင်းမွန်ထိရောက်စွာ ပံ့ပိုးပေးမည်ဟု ယုံကြည်ပါသည်။

## <u>၂၀၂၀ ခုနှစ်မှ စတင်ခဲ့သော တည်ဆောက်ရေးအခန်းကဏ္ဍ</u>

ဆေးရုံအဆောက်အဦး တည်ဆောက်ရန် အတွက် ပန္နက်တင် မင်္ဂလာ အခမ်းအနားကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလ (၅) ရက်နေ့တွင် ကျင်းပနိုင်ခဲ့ကြပါသည်။ သို့သော် နောက်ဆက်တွဲ ကိုဗစ်လှိုင်းများကြောင့် နိုင်ငံတဝှမ်း ကာကွယ် ထိန်းချုပ်ရေး ကန့်သတ်ချက်များကြောင့် ဆောက်လုပ်ရေး လုပ်ငန်းစဉ်များလည်း နှောင့်နှေးခဲ့ပါသည်။

ဝေဘာဂီ ကူးစက်ရောဂါအထူးပြုကုသရေး အဆောင်သစ်မှာ ကိုဗစ်၁၉ ကပ်ရောဂါနှင့် အခြားသော ကူးစက်ရောဂါများကို ထိရောက်စွာကုသပေးနိုင်ရန် အဆင့်မြင့် ကုသထောက်ကူပြု ပစ္စည်းများ **(facilities)** အပြင် -

- ကျန်းမာရေးဝန်ထမ်းများ အသုံးပြုရန် ပိုးသတ်သန့်စင်ခန်းများ **(Donning & Doffing)**
- လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအသုံးပြုရန် သီးသန့် ခတ်လှေကား နှင့် စကြံလျှောက်လမ်းများ **(Staffs Corridor & Lift)**

- ဆေးရုံအဆောက်အဦအတွင်း လေထုစနစ်ကို အချိန်ပြည့် အလိုအလျောက် ပိုးသတ် သန့်စင်စေသော လေသန့်စင်မှုစနစ် **(ACMV)**
- အခန်းတွင်း ဆက်သွယ်ရေးစနစ်နှင့်တကွ အခြားသော လျှပ်စစ်ဆက်သွယ်ချိတ်ဆက်ရေး အထောက်အကူပြု ပစ္စည်းများ **(PABX/PA/Intercom)**
- လျှပ်စစ်ဓာတ်အားပြတ်တောက်မှုရှိပါက အသုံးပြုရန် အသံလုံမီးအားထုတ်စက် **(Sound Proof Generator & UPS System)**
- မီးဘေးအန္တရာယ် နှင့် အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များကို အလိုအလျှောက် တုံ့ပြန်နိုင်မည့် ခေတ်မီ အရေးပေါ် တုန့်ပြန် အချက်ပေးစနစ်များ စသဖြင့် ကူးစက်ရောဂါကုသရေးဆေးရုံတခုအတွက် မဖြစ်မနေ ထားရှိရမည့် ခေတ်မီကုသမှု အထောက်အကူပြုပစ္စည်းများကိုလည်း စုံလင်အောင် ထည့်သွင်းပေးထားပါသည်။

<u>ကူးစက်ရောဂါကု မြို့ပြဆေးရုံ -City Garden Hospital ပြယုဂ်အား ပေါ်လွင်စေခြင်း</u>




*ဓာတ်ပုံ - ကုတင် (၁၁၀) ဆံ့ ကူးစက်ရောဂါ အထူးပြုကုသရေး နိုင်ငံတကာအဆင့်မီ ဝေဘာဂီဆေးရုံ ကုသဆောင်သစ် (အတွင်း၊ အပြင်)*

AW ဖောင်ဒေးရှင်းအနေဖြင့် ကူးစက်ရောဂါ အထူးပြုကုသရေး ဝေဘာဂီဆေးရုံအား သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားကာ ဖန်တီးတည်ဆောက်ခဲ့သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုး သက်ရောက်မှု နည်းပါးစေသော ပြန်လည်ပြည့်ဖြိုးမြဲ နေရောင်ခြည် ဆိုလာစွမ်းအင်သုံး လျှပ်စစ်ထုတ်လွှတ်မှု နှင့် ဆေးရုံ ပရဝုဏ်အတွင်း စိမ်းလန်းစိုပြေသော သစ်ပင် ပန်းဥယျာဉ်များ၊ သပ်ရပ်လှပသော မြက်ခင်းပြင်နှင့်ခြံစည်းရိုးများဖြင့် ဖန်တီးထားပေးခြင်းသည် လူနာများအတွက် ပြန်လည် ထူထောင်ကျန်းမာစေရေး လုပ်ငန်းစဉ်နှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးနေသော ဝန်ထမ်းများအတွက် စိတ်ချမ်းသာမှုကို ပေးနိုင်စေမည်ဖြစ်ပါသည်။

## About AW Foundation

**Together, we can create change!**

(၁၉၉၂) ကစတင်တည်ထောင်ခဲ့သော အေးရှားဝေါလ် လုပ်ငန်းစုသည် ၎င်း၏ သံနိဋ္ဌာန်တိုင်း လူမှုရေးလုပ်ငန်းများကို ဗျူဟာကျကျ ပံ့ပိုးကူညီလုပ်ဆောင်နိုင်ရန် (၂၀၁၄) ခုနှစ်တွင် AW ဖောင်ဒေးရှင်း - ပရဟိတအကျိုးပြုအဖွဲ့အစည်းကို ဖွဲ့စည်းခဲ့ပြီး၊ နိုင်ငံတဝှမ်း ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး နှင့် အရေးပေါ်လိုအပ်သော အထောက်အပံ့များ ရရှိရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးနိုင်ရေး လူမှုအကျိုးပြုလုပ်ငန်းများကို ပါဝင်အားဖြည့် လုပ်ဆောင်လျှက်ရှိပါသည်။

AW ဖောင်ဒေရှင်းအနေဖြင့် မြန်မာနိုင်ငံသားများ၏ ပိုမိုကောင်းမွန်သော လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ကူညီ အားဖြည့် ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပံ့ပိုးမှုများကိုလည်း ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

AW ဖောင်ဒေးရှင်းအနေဖြင့် အဖွဲ့အစည်း သံနိဋ္ဌာန်နှင့်အညီ လူမှုရေးထောက်ပံ့မှုများကို ဆက်လက်ဆောင်ရွက်နေမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံသားများ၏ လူမှုဘဝတိုးတက်ရေးအတွက် စစ်မှန်အကျိုးရှိသော အကူအညီများအား စဉ်ဆက်မပြတ် ပါဝင်ကူညီအားဖြည့် ပေးနေမည်ဖြစ်သည်။